EMReF Enlightened Myanmar Research Foundation ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အတွဲ(၄)၊ အမှတ်-၁၀၅

စက်တင်ဘာ ၈ ရက်၊ ၂၀၂၀

## စစ်ကိုင်းတိုင်း ဘဏ္ဍာရေးအစီရင်ခံစာကို စိတ်မခိုင်သူများမဖတ်သင့်ဟု လွှတ်တော်အမတ်ပြော

**ဩဂုတ် ၂၂၊ ၂၀၂၀**

စစ်ကိုင်းတိုင်းဒေသကြီး၏ ၂၀၁၈ ဧပြီမှ စက်တင်ဘာအထိ ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံစာကို စိတ်မခိုင်သူများ မဖတ်သင့်ကြောင်း ဝက်လက်မြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဝင်းက ပြောကြားသည်။

ဩဂုတ် ၁၉ ရက်က ကျင်းပသော ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် (၂၄) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ၂၀၁၈ ဧပြီမှ စက်တင်ဘာအထိ ဘဏ္ဍာနှစ်အတွက် ဘဏ္ဍာငွေ အရ၊ အသုံးဆိုင်ရာ စာရင်းများ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာနှင့် ပတ်သက်၍ ၎င်းက ဆွေးနွေးခဲ့သည်။

"၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လဘတ်ဂျက်ဟာ ပြည်သူတွေအတွက်တော့ တကယ့်မီးခဲပါ။ နိုင်ငံအတွက် အမှန်တကယ် နစ်နာလှပါတယ်။ စိတ်မခိုင်သူများ မဖတ်သင့်တဲ့အစီအရင်ခံစာလို့ဆွေးနွေးတင်ပြလိုပါတယ်"ဟု ဦးမောင်မောင်ဝင်းက ပြောကြားသည်။

၂၀၁၈ ဧပြီမှ စက်တင်ဘာအထိ ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံစာနှင့်ပတ်သက်၍ နိုင်ငံတော်ဘဏ္ဍာငွေထုတ်ယူကာ မြဝတီဘဏ်သို့ ငွေစုစာအုပ်ဖြင့် လွှဲပြောင်းအပ်နှံမှု၊ စစ်ကိုင်းမြို့ အမှတ် (၃) အထည်ချုပ်စက်ရုံ၏ ငွေအလွဲသုံးစားမှု၊ အမှတ် (၃) ရဲလေ့ကျင့်ရေး ကျောင်း၏ ကျပ် သိန်းတစ်ထောင်ကျော် အလွဲသုံး မှုအပါအဝင် အချက်(၁၆)ချက် ကို ၎င်းက ဆွေးနွေးခဲ့ခြင်းဖြစ် သည်။

ပြည်ထောင်စုစာရင်းစစ် ချုပ်ရုံးမှ တာဝန်ပေးချက်အရ ၂၀၁၇-၁၈ ဘဏ္ဍာနှစ် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေများကို တောင်းခံစစ်ဆေးရာမှ ကနီမြို့နယ် တွင်းမအင်း၊ တောင်ပျောက်အင်းရှိ နေအိမ်များ ပြောင်းရွှေ့ရေးနှင့် လျော်ကြေးငွေများထဲမှ ကျပ်သိန်း ၇၀၀ ကျော်ကို မြဝတီဘဏ် ငွေစုစာအုပ်ထားရှိသည်ကို စစ်ဆေးတွေ့ရှိကြောင်း စစ်ကိုင်းတိုင်းစာရင်းစစ်ချုပ် ဦးစိုးလွင်က လွှတ်တော်သို့ တင်ပြခဲ့သည်။

"နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေများကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ အထူးခွင့်ပြုချက်ရှိသောကိစ္စများမှတစ်ပါး ဘဏ်တစ်ခုခုတွင် သီးခြားစာရင်းဖွင့်လှစ်၍လည်းကောင်း၊ အခြားနည်းဖြင့်သော်လည်းကောင်း အပ်နှံထားခြင်းမပြုရဟု ပါရှိသော်လည်း ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်မှုမရှိကြောင်း တွေ့ရှိရပါတယ်"ဟု ဦးစိုးလွင်က ပြောသည်။

၂၀၀၇ က ကနီမြို့နယ် တွင်းမအင်းအတွင်း စပီရှုလိုင်းနား စိမ်းပြာရေညှိထုတ်လုပ်ရေးအင်းထဲရှိ အိမ်များကို ပြောင်းရွှေ့ရန်စေခိုင်းခဲ့ပြီး အုန်းပင်တစ်ပင် ကျပ်ငါးရာ၊ သနပ်ခါးတစ်ပင် ကျပ်နှစ်ရာနှုန်းဖြင့် နစ်နာကြေးရခဲ့ကြောင်း တွင်းမကျေးရွာဒေသခံ ဦးဝင်းက ပြောသည်။

(ကိုးကား:-https://7day.news/)

## ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေးဆောင်ရွက်ချက် အနှစ်ချုပ်

**စက်တင်ဘာ ၁၊ ၂၀၂၀**

ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေးဆောင်ရွက်ချက်အနှစ်ချုပ်ကို မွန်ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌဒေါ်တင်အိကတင်ပြခဲ့ရာ ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၆) ကြိမ်မြောက် ပုံမှန်အစည်းအဝေးအထိ မေးမြန်းခဲ့သော မေးခွန်း (၅၆၅) ခု အနက် မွန်ပြည်နယ်လွှတ်တော်၊ ပြည်နယ်အစိုးရအဖွဲ့၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏ စိစစ်တင်ပြချက်အရ ကတိဝင်မေးခွန်း (၄၀၈) ခုအပေါ် ဆောင်ရွက်ပြီးစီးမှု ရာခိုင်နှုန်းမှာ (၆၅.၆၉) ရာခိုင်နှုန်း၊ မွန်ပြည်နယ်အစိုးရအဖွဲ့နှင့် ဝန်ကြီးဌာနအလိုက် ကတိဝင်မေးခွန်း (၄၀၈) ခုအပေါ်တွင် ဆောင်ရွက်ပြီးစီးမှုမှာ ဝန်ကြီးချုပ်၊ မွန်ပြည်နယ်အစိုးရအဖွဲ့မှ မေးခွန်းအပေါ်မှာ (၁၀၀%) ဆောင်ရွက်ပြီးစီးသည်ဟု သိရသည်။

လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာနမှ (၆၂.၂၆%)၊ စိုက်ပျိုးမွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနမှ (၆၇.၃၅%)၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ (၇၇.၇၈%)၊ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးဌာနမှ (၈၇.၅၀%)၊ လူမှုရေးဝန်ကြီးဌာနမှ (၆၇.၁၂%)၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးမှ (၉၀.၉၁%)၊ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအား အရင်းအမြစ်ဝန်ကြီးဌာနမှ (၇၇.၇၈%)၊ စည်ပင်သာယာရေးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ (၅၆.၆၂%)၊ ဗမာတိုင်းရင်းသားရေးရာဝန်ကြီးဖြေဆိုသည့် မေးခွန်းတစ်ခုမှာ (၁၀၀%) ဆောင်ရွက်ပြီးသည်ဟုဆိုပါသည်။

(ကိုးကား:-Mon State Parliament Facebook )

# ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုကို ရာထူးမှရပ်စဲ

**စက်တင်ဘာ ၃၊ ၂၀၂၀**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုကို ရာထူးမှရပ်စဲလိုက်ကြောင်း သမ္မတရုံးက စက်တင်ဘာ ၃ ရက်တွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံ အကြောင်းကြားခဲ့သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၃ ပုဒ်မခွဲ (င) ပုဒ်မခွဲငယ် (၂)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၀ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၅၅ တို့ပါ ပြဋ္ဌာန်းချက်များအရ ကယားပြည်နယ်ဝန်ကြီးချုပ်ကို တာဝန်မှရပ်စဲလိုက်ကြောင်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံ နိုင်ငံတော်သမ္မတကပေးပို့သည့် အကြောင်းကြားစာတွင် ရေးသားထားသည်။

ပြည်သူ့ဘဏ္ဍာငွေကို ကိုယ်ကျိုးအတွက် သုံးစွဲထားခြင်း မရှိသောကြောင့် ၎င်းအနေဖြင့် စိုးရိမ်မှုမရှိကြောင်း၊ နည်းမှန်လမ်းမှန်လာရောက်စစ်ဆေးပါက အစစ်ဆေးခံနိုင်ကြောင်း တာဝန်မှရပ်စဲခံရသည့် အကြောင်းကြားစာမရောက်မီ နာရီပိုင်းအလိုတွင် Myanmar Now နှင့် တွေ့ဆုံစဉ် ဝန်ကြီးချုပ်က ပြောသည်။

"ကျွန်တော်တို့ ကယားပြည်နယ်မှာ ဒီလိုဖြစ်သွားတာ စိတ်မကောင်းဘူး။ ဒါပေမယ့် အဆိုးထဲက အကောင်းက ဒီလိုဖြစ်ပျက်သွားတဲ့ကိစ္စတစ်ခုဟာ တိုင်းဒေသကြီး ပြည်နယ်ဝန်ကြီးချုပ်တွေရော၊ ကျွန်တော်တို့နိုင်ငံအတွက်ရော၊ ပြည်နယ်တွေအတွက်ရော ကောင်းမွန်တဲ့ သင်ခန်းစာ ရလဒ်ကောင်းတွေ ရသွားလိမ့်မယ်" ဟု ဦးအယ်လ်ဖောင်းရှိုက ပြောသည်။


"ဒီလို ကျွန်တော်ပြောတာဟာ ကျွန်တော့်ဘက်က ဖြူစင်ရိုးသားမှုတွေနဲ့ ကြိုးပမ်းဆောင်ရွက်ထားတဲ့ ဆောင်ရွက်ချက်တွေ အပေါ်မှာ အစစ်ဆေးခံနိုင်တဲ့အတွက်ကြောင့် ကျွန်တော်ပြောပြတာ" ဟု ၎င်းက ဆိုသည်။

အကြောင်းကြားစာ ရောက်ရှိပြီးပြီးချင်းပင် ဝန်ကြီးချုပ်သည် ယာယီဝန်ကြီးချုပ်အဖြစ် ပူးတွဲတာဝန်ယူမည့် လယ်ဆယ်ဝန်ကြီးဦးဘောဇစ်ကိုအား ရာထူးလွှဲပြောင်းပေးခဲ့သည်။

ထို့နောက် "ဥပဒေနှင့်အညီ စီမံဖြေရှင်းဆောင်ရွက်ဖို့ အမြဲတမ်းအဆင်သင့်ပဲ" ဟု နောက်ဆက်တွဲ အရေးယူခံရဖွယ် အခြေအနေများနှင့်ပတ်သက်၍ ဦးအယ်လ်ဖောင်းရှိုက ဆိုသည်။



စက်တင်ဘာ ၁ ရက်နေ့ ပြည်နယ် လွှတ်တော်အစည်းအဝေးသို့ တက်ရောက်လာသည့် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို (ဓာတ်ပုံ- ကေဇွန်နွေး/ Myanmar Now)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၂၄ / ၂၀၂၀
၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်
( ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၃ ရက် )

ကယားပြည်နယ်ဝန်ကြီးချုပ် တာဝန်မှရပ်စဲခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၃၊ ပုဒ်မခွဲ (င)၊ ပုဒ်မခွဲငယ် (၂)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၀ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၅၅ တို့ပါပြဋ္ဌာန်းချက်များအရ ကယားပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို ကို တာဝန်မှရပ်စဲလိုက်သည်။

၃.၉.၂၀
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဦးအယ်လ်ဖောင်းရှိုအပေါ် ငွေကြေးသုံးစွဲမှုဆိုင်ရာ စွပ်စွဲချက်များနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးတွေ့ရှိချက်များမှာ မှန်ကန်ကြောင်း စက်တင်ဘာ ၁ ကယားပြည်နယ်လွှတ်တော်အစည်းအဝေးတွင် ကိုယ်စားလှယ် ၇၅ ရာခိုင်နှုန်းက ထောက်ခံမဲပေး၍ ရာထူးမှရပ်စဲသင့်ကြောင်း ဆုံးဖြတ်ခဲ့ကြပြီး နှစ်ရက်အကြာတွင် သမ္မတက ယခုကဲ့သို့ အကြောင်းကြားလာခြင်းဖြစ်သည်။

ဦးအယ်လ်ဖောင်းရှိုသည် ၂၀၁၆ မှ ၂၀၁၈ အထိ ၂ နှစ်ကျော်ကာလအတွင်း စက်ယန္တရား ငှားရမ်းခနှင့် အခြားရငွေ ကျပ်သိန်း ၅,၆၀၀ ကျော်တွင် ၄,၉၅၁ သိန်းကို သုံးစွဲခဲ့ကြောင်း၊ အဆိုပါသုံးစွဲငွေ၏ ၃၇၇ သိန်းကျော်မှာ ကိုယ်ကျိုးစီးပွားနှင့် ၁၃ သိန်းကျော်မှာ ပါတီအရေးကိစ္စများဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်ဟု အစီရင်ခံစာတွင် တွေ့ရသည်။

တာဝန်မှရပ်စဲခံရသော်လည်း ကိုယ်စားလှယ်လောင်းအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ပြီး ယခုဖြစ်စဉ်သည် ၎င်းအတွက် မဲဆွယ်ပေးလိုက်သကဲ့သို့ပင် ဖြစ်သည်ဟု ယုံကြည်ထားကြောင်း ဦးအယ်လ်ဖောင်းရှိုက ပြောသည်။

(ကိုးကား:-https://www.myanmar-now.org/mm/news)

# သျှမ်းလွှတ်တော်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် အများနှင့်သက်ဆိုင်သည့် ဥပဒေသက်ဝင်မှု လက်လှမ်းမီရောက်ရှိမှု အားနည်းနေဆဲ

**စက်တင်ဘာ ၅၊ ၂၀၂၀**

သျှမ်းပြည်နယ်လွှတ်တော်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် အများနှင့် သက်ဆိုင်သည့် ဥပဒေသည် အသက်ဝင်မှု အားနည်းနေကြောင်း သျှမ်းပြည်နယ်လွှတ်တော်အမတ် နန်းစံဟွမ်က ပြောဆိုလိုက်သည်။

ဒုတိယအကြိမ် သျှမ်းပြည်နယ်လွှတ်တော်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် အများပြည်သူနှင့်သက်ဆိုင်သော ဥပဒေများအား အကောင်အထည်ဖော် ဆောင်ရွက်ရမည့် သက်ဆိုင်ရာဌာနအဆင့်ဆင့်သို့ ဖြန့်ဝေပေးရန် အစီစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) နန်းစံဟွမ်က စက်တင်ဘာ (၄) ရက်တွင် သျှမ်းလွှတ်တော်တွင် မေးမြန်းခဲ့သည်။

"မြို့နယ်အဆင့်ထိ လက်လှမ်းမီ မရောက်ရှိသေးတော့ ဒီဥပဒေတွေဟာ အသက်ဝင်မှု အားနည်းနေသေးတယ်။ ကျွန်မတို့ ဥပဒေအကာအကွယ်ကို ကျွန်မတို့ ပြည်သူတွေရဖို့



အတွက် အခက်ခဲရှိနေသေးတယ်။ အဲ့ဒါကြောင့် ဒီမေးခွန်း မေးလိုက်တာပါ။" လွှတ်တော်အမတ်နန်းစံဟွမ်က ပြောသည်။

လွှတ်တော်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် အများနှင့်သက်ဆိုင်သည့် ဥပဒေများကို ပြည်နယ်အဆင့်တွင် ဖြန့်ဝေထားပြီးဖြစ်သော်လည်း မဖြန့်ဝေရသေးသည့် ဥပဒေများလည်း ရှိနေသေးကြောင်း သျှမ်းပြည်နယ် ဥပဒေချုပ် ဦးတင်ဦးက ပြန်လည်ဖြေကြားခဲ့သည်။

"ပြည်သူတွေ လိုက်နာတယ်ဆိုတာထက် ဌာနဆိုင်ရာတွေ အကုန်လုံးမသိသေးတဲ့ အခြေအနေတွေ ဖြစ်နေတယ်။ အဲ့ဒါကြောင့် မလို့ ဒီဥပဒေအသက်ဝင်ဖို့ဆိုတာ အကောင်အထည်ဖော်ဆောင်ရွက်ရမယ့် ဌာနဆိုင်ရာတွေက အဆင့်ဆင့်ဖြစ်နေတယ်။ မြို့နယ် ဌာနဆိုင်ရာ အဆင့်ဆင့်မရောက်သေးတာကို ပြောချင်တယ်"ဟု လွှတ်တော်အမတ် နန်းစံဟွမ်က ပြောသည်။

ဒုတိယအကြိမ် သျှမ်းပြည်နယ်လွှတ်တော်တွင် အများပြည်သူနှင့်သက်ဆိုင်သော ဥပဒေ အတည်ပြုပြဋ္ဌာန်းထားသည့် ဥပဒေ (၁၃) ခုဝန်းကျင်ရှိပြီး သဘာဝရေထွက်တော ရေထိန်းတောနှင့်ဆိုင်သော ဥပဒေ၊ အခြေခံပညာကျောင်းများနှင့်ဆိုင်သော ယုံကြည့်စိတ်ချရသည့် အစားအသောက်ဥပဒေ၊ ကြက်မွေးမြူရေး ဥပဒေနှင့် မြေယာခွန်ဥပဒေစသည်တို့ ပါဝင်သည်။

**(ကိုးကား- https://burmese.shannews.org )**

# ဒုတိယသက်တမ်း ၄ နှစ်ကျော်အတွင်း ကရင်ပြည်နယ်လွှတ်တော်တွင် အဆို ၃ ခုသာ အတည်ပြုနိုင်

**စက်တင်ဘာ ၇၊ ၂၀၂၀**

ကရင်ပြည်နယ်လွှတ်တော်၏ ဒုတိယအကြိမ်မြောက် သက်တမ်း ၄ နှစ်ကျော်ကာလအတွင်းအဆို ၃ ခုသာ အတည်ပြုမှတ်တမ်း တင်နိုင်ခဲ့သည်ဟု လွှတ်တော်မှတ်တမ်းများအရ သိရသည်။

၎င်းအဆို ၃ ခုထဲတွင် ကရင်ပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာရုံးခန်းများ၊ စာသင်ကျောင်းများတွင် ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံချိတ်ဆွဲ ထားရှိရန်အဆို၊ သံတောင်မြို့နယ်ကို ခရိုင်အဆင့်တိုးမြှင့်ပေးရန်အဆိုနှင့် လယ်ယာမြေအသုံးပြုခြင်းနှင့် ပတ်သက်သည့်အဆို စုစုပေါင်း ၃ ခုသာ လွှတ်တော်တွင် အတည်ပြု မှတ်တမ်းတင်နိုင်ခဲ့သည်ဟု လွှတ်တော်ကိုယ်စားလှယ်များထံမှ သိရသည်။

ဒုတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော်၏ အဆိုမှတ်တမ်းများကို သိရှိနိုင်ရန် ကေအိုင်စီ- ကရင်သတင်းဌာနအနေဖြင့် လွှတ်တော်ဥက္ကဋ္ဌထံလိပ်မူပြီး စာဖြင့်တင်ပြခဲ့သော်လည်း မှတ်တမ်းအချက်အလက်များအား ကူးယူခွင့်မရရှိခဲ့ဟု သိရသည်။

"သံတောင်ကြီးမြို့နယ်ကို ခရိုင်အဆင့်တိုးမြှင့်ပေးဖို့အဆို၊ လိပ်သိုမြို့ကနေ မြို့နယ်အဆင့်တိုးမြှင့်ပေးဖို့အဆို၊ ပြည်ထဲရေးအမည်မပေါက်သေးတဲ့ရွာတွေ၊ အမည်ပေါက်အောင်ဆောင်ရွက်ပေးဖို့အဆိုတွေ လွှတ်တော်မှာ အဆိုတိုက်တွန်းတယ်။ အဆိုလည်းအောင်တယ်။ အခုအချိန်ထိ အကောင်ထည်ဖော်မှုဘာတစ်ခုမှ မရှိသေးဘူး။ လုပ်ထုံးလုပ်နည်း မလုပ်တတ်လို့ ခံနေရတယ်" ဟု သံတောင်မြို့နယ် လွှတ်တော်ကိုယ်စားလှယ် စောဂျေအေဝင်းမြင့်က ဩဂုတ်လ ၃၀ ရက်နေ့တွင် ကေအိုင်စီသို့ ပြောခဲ့သည်။

ကရင်ပြည်နယ်လွှတ်တော် ဒုတိယအကြိမ် သက်တမ်းကာလအတွင်း လွှတ်တော်ကိုယ်စားလှယ်များက ကြယ်ပွင့်ပြမေးခွန်း ၄၀၃ ခု၊ ကြယ်ပွင့်မပြမေးခွန်း ၁၇၂ ခု မေးမြန်းထားကာ အဆို ၃ ခုနှင့် ဥပဒေအသစ် ၁၂ ခု အတည်ပြုမှတ်တမ်းတင်နိုင်ခဲ့သည်ဟု ၁၄ ကြိမ်မြောက် လွှတ်တော်ပုံမှန်အစည်းအဝေး မှတ်တမ်းများအရ သိရသည်။

ကရင်ပြည်နယ် လွှတ်တော်အနေဖြင့် ယခုလ စက်တင်ဘာ ၂ ရက်နေ့မှစပြီး ၁၅ ကြိမ်မြောက် လွှတ်တော်ပုံမှန်အစည်းအဝေး ပြန်လည်ကျင်းပကြပြီး နိုင်ငံသားမှတ်ပုံတင်မရှိသေးသူများကို ဆောင်ရွက်ပေးနိုင်ရေး၊ ကျေးရွာချင်းဆက်လမ်းများ၊ စက်ရေတွင်းများ၊ စာသင်ကျောင်း အဆင့်တိုးမြှင့်ပေးနိုင်ရေးကိစ္စရပ်များကို လွှတ်တော်တွင် တင်ပြကြသည်ဟု ကရင်ပြည်နယ် လွှတ်တော်၏ လူမှုကွန်ရက်စာမျက်နှာ မှတ်တမ်းများအရ သိရသည်။

**(ကိုးကား-ကေအိုင်စီ)**